


VOLUME II, ISSUE 10 3 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို လက်ခံတွေ့ဆုံ | ၁ |
| ၂ | ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov တို့ တွေ့ဆုံဆွေးနွေး | ၄ |
| ၃ | ရခိုင်ပြည်နယ်တွင် ဆင်ဖြူတော်(အထီး)ကလေးပေါ်ထွန်းကြောင်း သတင်းထုတ်ပြန်ချက် | ၆ |
| ၄ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ | ၇ |
| ၅ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ထိုင်းနိုင်ငံ၊ Best International Travels & Agency မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ ရုပ်သံမီဒီယာအဖွဲ့များကို လက်ခံတွေ့ဆုံ | ၈ |
| ၆ | မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များအတွင်း တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် | ၉ |
| ၇ | ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များနှင့် ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးစုပေါင်းဆောင်ရွက် | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ဇူလိုင်လ တစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၈၀,၀၀၀ ကျော်တင်ပို့ | ၁၃ |
| ၉ | မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီး | ၁၃ |
| ၁၀ | မကွေးတိုင်းဒေသကြီး၊ ဖက်ရေတောကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်အား PDF အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ ဖမ်းဆီးသတ်ဖြတ် | ၁၅ |
| ၁၁ | သဃ်န်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမား ၂ ဦးက အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံး | ၁၆ |
| ၁၂ | မြင်းမူမြို့နယ်၊ လက်ပံကျင်းကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် စုဝေးရောက်ရှိနေသော PDF အကြမ်းဖက်သမားများအား ဖမ်းဆီး | ၁၇ |
| ၁၃ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၁၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို ဩဂုတ်လ ၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင်-

- နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ်ပြည့် မြောက်တော့မည်ဖြစ်၍ စိန်ရတုအခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရေး၊
- ရုရှားနိုင်ငံ၌ မြန်မာကောင်စစ်ဝန်ရုံးနှစ်ခုအား ထပ်မံဖွင့်လှစ်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊
- ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပစွက်ဖက်မှုများမပါဘဲ မိမိတို့အစိုးရများက စီမံဆောင်ရွက်နိုင်သည့် အခြေအနေများ၊
- ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွဲ့စည်းထူထောင်သွားမည့် အခြေအနေများ၊
- နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊
- ကုန်သွယ်မှုနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ရေးနှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊
- အရပ်ဘက်၊ စစ်ဘက်ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေများ၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့်ဒေသတွင်း ဆက်ဆံရေးအခြေအနေများ၊
- ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မစတင်မီကတည်းက အာဏာရပါတီအနေဖြင့် အသာစီးရရှိစေရေး နည်းပညာ



ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာတို့တွင် ကြုံတင်အခြေအနေဖန်တီးခဲ့သည့် ကိစ္စရပ်များ၊


- ရွေးကောက်ပွဲအပြီး မဲမသမာမှုများစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်မှ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊
- အကြမ်းဖက်လုပ်ရပ်မှတဆင့် မိုင်းထောင်ဖောက်ခွဲ၊ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လာသူများအား တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခဲ့မှုများ၊
- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအခြေအနေများနှင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများ၊
- နိုင်ငံတော်တွင် နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီရုပ်မြင်သံကြား ၃-၈-၂၀၂၂)**

- **ရုရှားနိုင်ငံ၌ မြန်မာကောင်စစ်ဝန်ရုံးနှစ်ခုအား ထပ်မံဖွင့်လှစ်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ။**
- **ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပစွက်ဖက်မှုများမပါဘဲ မိမိတို့အစိုးရများက စီမံဆောင်ရွက်နိုင်သည့် အခြေအနေများ။**
- **နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်ရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး။**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov တို့ အမှတ်တရလက်ဆောင် အပြန်အလှန်ပေးအပ်နေမှု**





- အရပ်ဘက်၊ စစ်ဘက်ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် စေလွှတ်သွားမည့် အခြေအနေများ။
- အကြမ်းဖက်လုပ်ရပ်မှတဆင့် မိုင်းထောင်ဖောက်ခွဲ၊ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လာသူများအား တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခဲ့မှုများ၊
- မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအခြေအနေများနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများ။
- နိုင်ငံတော်တွင် နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲ ပြန်လည်ကျင်းပဆောင်ရွက်ပေးသွားမည့် အခြေအနေများ။
- ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov တို့ တွေ့ဆုံဆွေးနွေး



မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လာရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့သည် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ဆက်လက်၍ မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဆာဂျီလတ်ဗ်ရော့တို့က ဦးဆောင်ကျင်းပခဲ့ပြီး အောက်ပါအချက်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါသည်-

- မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ အထူးသဖြင့် နှစ်ဖက်အစိုးရအဖွဲ့အစည်းများ၊ တပ်မတော်များနှင့် ပြည်သူများအကြားဆက်ဆံရေး တိုးမြှင့်ရေး၊
- စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ၊ အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် ကုလသမဂ္ဂတို့တွင် ဆက်လက်၍နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊
- သက်ဆိုင်ရာနိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူကိစ္စရပ်များ၊

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် (၂၀၂၂-၂၀၂၄)ကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ အဆိုပါအစီအစဉ်သည် မြန်မာနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး၊ ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့သည် ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**(မြဝတီရုပ်မြင်သံကြား ၃-၈-၂၀၂၂)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov တို့ တွေ့ဆုံဆွေးနွေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ






- မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ အထူးသဖြင့် နှစ်ဖက်အစိုးရအဖွဲ့အစည်းများ၊ တပ်မတော်များနှင့် ပြည်သူများအကြားဆက်ဆံရေး တိုးမြှင့်ရေး။
- စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြသည့် အာဆီယံ၊ အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၊ ဥရောပ အာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် ကုလသမဂ္ဂ တို့တွင် ဆက်လက်၍နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး။
- နှစ်နိုင်ငံ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များ။

# ရခိုင်ပြည်နယ်တွင် ဆင်ဖြူတော်(အထီး)ကလေးပေါ်ထွန်းကြောင်း သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ဆင်ဖြူတော်ကြန်အင်လက္ခဏာ ၈ ချက်အနက် ၇ ချက်နှင့် ကိုက်ညီသည့် ဆင်ဖြူတော်(အထီး) ကလေး ၁ စီး ပေါ်ထွန်းကြောင်းနှင့် အဆိုပါဆင်ဖြူတော်လေးသည် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဩဂုတ်လ ၂ ရက် တွင် သတင်းထုတ်ပြန်ထားရှိပါသည်။



## သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းမှ ထိန်းကျောင်းထားရှိသော ဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ထူးခြားအသွင်သဏ္ဌာန်ရှိသည့် ဆင်ဖြူတော်(အထီး)ကလေး (၁) စီးအား ၂၃-၇-၂၀၂၂ ရက်နေ့ နံနက်ပိုင်း မင်္ဂလာအချိန် ၀၆:၃၀ နာရီတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကျောအလျား ၂ ပေ၊ အမြီးအလျား ၁ ပေ ၆ လက်မနှင့် မွေးဖွားစကိုယ်အလေးချိန် ၁၈၀ ပေါင်ခန့် ရှိပါသည်။

ရှေးသမိုင်းပညာရှိများ၏ မိန့်ဆိုချက်များအရ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများသည် မျက်လုံးပုလဲရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန်ကျောကုန်း၊ အဖြူကဲ့သို့အမွေးရောင်၊ အမြီးမှာ တံခါးပိတ်လက်ဝါးပုံသဏ္ဌာန်၊ အရေပြားဩဇာကွက်၊ အသားအရေပန်းရောင်၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၅ ခုစီ ပါပြီး နားရွက်မှာ နားကြီးခြင်းတို့ ရှိရမည်ဖြစ်ကြောင်း အချက် ၈ ချက်ဖြင့် ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ရခိုင်ပြည်နယ်တွင် ထပ်မံပေါ်ထွန်းသည့် ဆင်ဖြူတော်(အထီး) ကလေးသည် ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများအနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းတို့ကြောင့် ဆင်ဖြူတော်ကလေးမှာ ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာများနှင့် ကိုက်ညီမှုရှိကြောင်းနှင့် အချက် ၈ ချက်တွင် ၇ ချက် ကိုက်ညီမှုရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ယခင်ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၉ စီးတွင် ပထမဆုံးပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၁ စီးသာ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီခဲ့ပြီး ကျန်ဆင်ဖြူတော် ၈ စီးမှာ အများဆုံး ၆ ချက်သာ ကိုက်ညီသည်ကို စိစစ်တွေ့ရှိရပါသည်။

ယခုပေါ်ထွန်းလာသည့် ဆင်ဖြူတော်ကလေးမှာ အသက် (၁၀) ရက်သားတွင် အရပ်အမြင့် ၂ ပေ ၅ လက်မခွဲခန့်နှင့် ကိုယ်အလေးချိန် ၁၉၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၃-၈-၂၀၂၂)**

- ရခိုင်ပြည်နယ်တွင် ထပ်မံပေါ်ထွန်းသည့် ဆင်ဖြူတော်(အထီး)ကလေးသည် ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်နှင့်ကိုက်ညီမှုရှိ။
- ယခင်ပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၉ စီးတွင် ပထမဆုံးပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော် ၁ စီးသာ ကြန်အင်လက္ခဏာ ၇ ချက်နှင့်ကိုက်ညီခဲ့ပြီး ကျန်ဆင်ဖြူတော် ၈ စီးမှာ အများဆုံး ၆ ချက်သာ ကိုက်ညီသည်ကို စိစစ်တွေ့ရှိရ။
- ယခုပေါ်ထွန်းလာသည့် ဆင်ဖြူတော်ကလေးမှာ အသက် (၁၀) ရက်သားတွင် အရပ်အမြင့် ၂ ပေ ၅ လက်မခွဲခန့်နှင့် ကိုယ်အလေးချိန် ၁၉၀ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ




ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်း (Thai Business Association of Myanmar– TBAM) President, Mr. Nuttaphong Visitkit–chakarn ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၁ ရက်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းလိုင်းများလည်း ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ထိုင်းနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယနေရာ၌ရှိပြီး ပိုမိုရင်းနှီးမြှုပ်နှံလာကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ၊ ထိုင်းခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်နေမှုနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂–၈–၂၀၂၂)**

- **တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ၊ ထိုင်းခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်နေမှုနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ထိုင်းနိုင်ငံ၊ Best International Travels & Agency မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ ရုပ်သံမီဒီယာအဖွဲ့များကို လက်ခံတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဇူလိုင်လ ၃၁ ရက်တွင် နေပြည်တော်မင်္ဂလာသီရိဟိုတယ်၌ ထိုင်းခရီးသွား ဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် ထိုင်းရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်ပြသရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းတွင် ထိုင်းခရီးသွားဈေးကွက်ပိုမိုရရှိရေး မြှင့်တင်ရန်ရည်ရွယ်၍ ထိုင်းနိုင်ငံရှိ Best International Travels & Agency မှ ကိုယ်စားလှယ်များနှင့် MONO 29၊ Channel5၊ THAIRATH၊ Workpoint စသည့် ထိုင်းနိုင်ငံရုပ်သံမီဒီယာအဖွဲ့များကို လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးက–

- မြန်မာနိုင်ငံတွင် သာယာလှပသော ကမ်းခြေများ၊ သဘာဝအတိုင်း မပျက်မစီးတည်ရှိနေသော ကျွန်းများ၊ နှင်းဖုံးတောင်တန်းများစသည့် ထူးခြားသော ခရီးသွားအရင်းအမြစ်များနှင့် သဘာဝအလှရှုခင်းများစွာ ရှိပါကြောင်း။
- မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅) မျိုးရှိပြီး ၎င်းတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် အရင်းအမြစ်များလည်းဖြစ်ပါကြောင်း။
- ယခုလာရောက်လည်ပတ်သော ထိုင်းသတင်းမီဒီယာအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သောအမှတ်တရများ၊ အတွေ့အကြုံများကို ထိုင်းရုပ်မြင်သံကြားအစီအစဉ်များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မျှဝေခြင်းဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။
- ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ သဘာဝအလှအပဆွဲဆောင်မှုများနှင့် ယဉ်ကျေးမှုများအား ထိုင်းခရီးသွားဧည့်သည်များထံ ပြသရန် အခွင့်အလမ်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ပိုမိုထင်ရှားလာစေမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံရုပ်သံအဖွဲ့များက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ထိုင်းခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းခဲ့ကြပြီးနောက် ကျောက်မျက်ပြတိုက်သို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပါသည်။ ဩဂုတ် ၁ ရက်တွင် ဥပ္ပါတသန္တိဘုရား၊ မင်းဝံတောင်၊ စစ်သမိုင်းပြတိုက်၊ လက်လုပ်တောင်နှင့် အမျိုးသားပြတိုက်များသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး ဩဂုတ် ၂ ရက်တွင် ရန်ကုန်မြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများသို့ သွားရောက်လေ့လာလည်ပတ်ပြီး မှတ်တမ်းတင်ဗီဒီယိုများ ရိုက်ကူးကာ ထိုင်းနိုင်ငံရုပ်သံအစီအစဉ်များတွင် ပြန်လည်ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **ထိုင်းနိုင်ငံရုပ်သံအဖွဲ့များအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းတွင် ထိုင်းခရီးသွား ဈေးကွက်ပိုမိုရရှိရေး မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ ခရီးသွားဆွဲဆောင်ရာ နေရာများသို့ လာရောက်လေ့လာလည်ပတ်ခဲ့ပြီး မှတ်တမ်းတင်ဗီဒီယိုများ ရိုက်ကူးကာ ထိုင်းနိုင်ငံရုပ်သံအစီအစဉ်များတွင် ပြန်လည်ထည့်သွင်းပြသသွားမည်ဖြစ်။**

## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များအတွင်း တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်





မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များရှိ လူနေရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါနေရာများသို့ တာဝန်ရှိသူများက သွားရောက်၍-

- ဇူလိုင်လ ၃၁ ရက်နှင့် ဩဂုတ်လ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ပေါ် ရပ်ကွက်ကြီး ၁၀ ခု၊ ကွဲနွားထောက်ကျေးရွာအုပ်စုနှင့် သရက်ပင်ကျေးရွာများ၌လည်းကောင်း။
- ဩဂုတ်လ ၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်၊ တက်ရိုန်းကျေးရွာနှင့် တပ်ကုန်းမြို့နယ်၊ လယ်ပြင်မကျေးရွာများ၌လည်းကောင်း သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။

ရေဝင်ရောက်သည့်နေရာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းကူညီကယ်ဆယ်ခြင်း၊ ရေဝင်ရောက်ခဲ့သည့် နေအိမ်များအတွင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ပြိုကျပျက်စီးနေသည့် အုတ်တံတိုင်းများနှင့် အဆောက်အဦများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းပိတ်ဆို့နေသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်းများ၊ လမ်းတံတားများအား ဖယ်ရှားရှင်းလင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၈-၂၀၂၂)**

## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များအတွင်း တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













- ပြင်ဦးလွင်မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာအချို့၌ နေအိမ်ရပ်ကွက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့။
- တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။

# ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များနှင့် ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်



ဇူလိုင်လ ၃၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါသည်။

ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်နေရာများသို့ ဩဂုတ်လ ၂ ရက်တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သွားရောက်၍ ရပ်ကွက်ကြီး (၁) အတွင်းရှိ ဂဲလောင်ချောင်း ရေတိုက်စားမှုရှိခဲ့သည့် ချောင်းဘေးဘောင်များ ပြင်ဆင်ခြင်း၊ ရပ်ကွက်ကြီး (၃)ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၊ ရပ်ကွက်ကြီး(၉)ရှိ အေးမြချမ်းသာသီလရှင်ကျောင်း၊ ဂေါ်ရခါးကျောင်းနှင့် ဆင်လမ်းကျေးရွာရှိ ဓမ္မိကာရာမစာသင်တိုက်တို့၌ ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းခြင်း၊ ဂဲလောင်ချောင်းတစ်လျှောက် ဂန္ဓမာမြိုင်အဝိုင်းမှ မန္တလေး-လားရှိုးလမ်း AGD ဘဏ်အထိ ရေစီးရေလာကောင်းမွန်စေရေးတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၈-၂၀၂၂)**

- **မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြင်ဦးလွင်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှုများရှိခဲ့။**
- **တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အဆောက်အအုံပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းခြင်းများနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့။**

## ပြင်ဦးလွင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်သရိုက်များနှင့် ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













## ဇူလိုင်လ တစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈၀,၀၀၀ ကျော်တင်ပို့



ဇူလိုင်လ တစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ဆန်တန်ချိန် ၁၂၃,၆၁၃ တန်နှင့် ဆန်ကွဲတန်ချိန် ၅၈,၉၃၇ တန်၊ စုစုပေါင်းတန်ချိန် ၁၈၂,၅၅၀ တန်ကို ပြည်တွင်းရှိ ကုမ္ပဏီပေါင်း ၄၃ ခုမှ နိုင်ငံပေါင်း ၂၀ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပါသည်။ ကုန်သွယ်ရေးလမ်းကြောင်းအနေဖြင့် ပင်လယ်ရေကြောင်းမှ တန်ချိန် ၁၄၇,၁၂၀ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ တန်ချိန် ၃၅,၄၃၀ တန် တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပြည်ပနိုင်ငံများသို့ အရည်အသွေးမြင့်သည့် စပါးမျိုးများကို အဓိကထား၍ သုံးနှစ်အတွင်း ဆန်တင်ပို့မှု နှစ်ဆတိုးမြှင့်နိုင်ရန် ရည်မှန်းထားကာ ၂၀၂၅ ခုနှစ်မှစတင်၍ နှစ်စဉ်တန်ချိန် လေးသန်းအထိ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၈-၂၀၂၂)**

- **ဇူလိုင်လ တစ်လတာကာလအတွင်း ဆန်နှင့်ဆန်ကွဲစုစုပေါင်းတန်ချိန် ၁၈၂,၅၅၀ တန်ကို ပြည်တွင်းရှိ ကုမ္ပဏီပေါင်း ၄၃ ခုမှ ပြည်ပနိုင်ငံပေါင်း ၂၀ နိုင်ငံသို့ တင်ပို့ခဲ့။**
- **ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုကို ၂၀၂၅ ခုနှစ်မှစတင်၍ နှစ်စဉ်တန်ချိန် လေးသန်းအထိ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိ။**

## မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီး

အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ငွေကြေးထောက်ပံ့မှုများရယူကာ အများပြည်သူပိုင်နေရာများတွင် လက်လုပ်ဗုံး/မိုင်းများဖြင့် ဖောက်ခွဲပစ်ပေါက်တိုက်ခိုက်ခြင်းများ၊ ပညာရေးကဏ္ဍအတွက် အဓိကကျသော အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းအပြင် ပညာရေးဝန်ထမ်းများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်းနှင့် အကြောင်းမဲ့သတ်ဖြတ်ခြင်းများဖြင့် ပြည်သူများ၏ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာစေရန် အကြမ်းဖက်မှုများအား နည်းလမ်းမျိုးစုံသုံး၍ ပိုမိုလုပ်ဆောင်လျက်ရှိရာ-

- ဇူလိုင်လ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် နည်းပညာကောလိပ်(GTC)၌ တက်ရောက်ပညာသင်



**ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ပန်လားကျေးရွာရှိ အလယ်တန်းကျောင်းခွဲရှိ စာသင်ခန်းနံရံပေါ်၌ ခြိမ်းခြောက်စာရေးသားမှု**

ကြားလျက်ရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား Yesagyo Revolution Group–YRG အမည်ခံ PDF အကြမ်းဖက်သမားများက Online ပေါ်မှ **"ကျောင်းသား/သူများ အနေဖြင့် ဆက်လက်ပြီး ကျောင်းမတက်ရန်နှင့် ကျောင်းဆက်လက်တက်မည်ဆိုပါက ဖြစ်လာမည့် အကျိုးဆက်များကို ၎င်းတို့အဖွဲ့မှတာဝန်မယူကြောင်း ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် သတိပေးထုတ်ပြန်လိုက်ကြောင်း"** ရေးသားခြိမ်းခြောက်ခဲ့။

- မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကြံတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးလွင် (၄၄) နှစ်၏ နေအိမ်အရှေ့သို့ ဆိုင်ကယ်ဖြင့် အကြမ်းဖက်သမားအမျိုးသား ၂ ဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး သေနတ်ဖြင့် ၅ ချက်ခန့်ပစ်ခတ်ခဲ့သော်လည်း လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိခဲ့။
- ဩဂုတ်လ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့်ကပ်လျက်ရှိ အမျိုးသမီးအိမ်တွင်းမှုအတတ်သင်ကျောင်းအရှေ့လမ်းပေါ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သော်လည်း လူနှင့်အဆောက်အဦ ထိခိုက်မှုမရှိခဲ့။
- ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပန်းလားကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ စာသင်ကျောင်းဝင်းအတွင်းရှိ Grade-5 စာသင်ခန်းနံရံပေါ်တွင် မှုတ်ဆေးအနီဖြင့် ခြိမ်းခြောက်စာများ ရေးသားထားခဲ့။
- မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့၊ ဆင်ကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ကျောင်းပစ္စည်းများနှင့် ကျောင်းဆောင်အတွင်းနံရံ၌ တပ်ဆင်ထားသော ပန်းချီကားချပ်များပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများမှာ မီးရှို့/ဖျက်ဆီးခဲ့မှု(၁၄၁)ကြိမ်၊ ဗုံးဖောက်ခွဲမှု (၄၀၂) ကြိမ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု (၁၄) ကြိမ်နှင့် ခြိမ်းခြောက်အကြမ်းဖက်မှု (၉၀) ကြိမ်ရှိပြီဖြစ်ပါသည်။ အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၃-၈-၂၀၂၂)**

- **ပခုက္ကူမြို့နယ် နည်းပညာကောလိပ်(GTC)၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား Yesagyo Revolution Group–YRG အမည်ခံ PDF အကြမ်းဖက်သမားများက Online ပေါ်မှ ခြိမ်းခြောက်စာရေးသား၍ ခြိမ်းခြောက်ခဲ့။**
- **ကြံတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတိုးလွင်၏ နေအိမ်အရှေ့သို့ အကြမ်းဖက်သမားအမျိုးသား ၂ ဦး (စိစစ်ဆဲ) ရောက်ရှိလာပြီး သေနတ်ဖြင့် ၅ ချက်ခန့်ပစ်ခတ်ခဲ့။**



မွန်ပြည်နယ်၊ ရေးမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းဝန်းအတွင်းရှိ ကျောင်းပစ္စည်းများအား အကြမ်းဖက်သမားများက ဖျက်ဆီးထားရှိမှု

- **ကလေးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့်ကပ်လျက်ရှိ အမျိုးသမီးအိမ်တွင်းမှု အတတ်သင်ကျောင်းအရှေ့လမ်းပေါ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့သော်လည်း လူနှင့်အဆောက်အဦ ထိခိုက်မှုမရှိခဲ့။**
- **PDF အကြမ်းဖက်သမားသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများမှာ မီးရှို့/ဖျက်ဆီးခဲ့မှု (၁၄၁) ကြိမ်၊ ဗုံးဖောက်ခွဲမှု (၄၀၂) ကြိမ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု (၁၄) ကြိမ်နှင့် ခြိမ်းခြောက်အကြမ်းဖက်မှု (၉၀) ကြိမ်ရှိပြီဖြစ်။**

## မကွေးတိုင်းဒေသကြီး၊ ဖက်ရေတောကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်အား PDF အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ ဖမ်းဆီးသတ်ဖြတ်

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နေရာအနှံ့အပြားတွင် အကြမ်းဖက်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါမချန် အကြမ်းဖက်မှုများကျူးလွန်ခဲ့ကြပြီးနောက်ပိုင်းတွင် ရဟန်းသံဃာတော်များအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများအား ရက်စက်စွာ ပြုလုပ်လျက်ရှိပါသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် ဇူလိုင်လ ၃၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ ဖက်ရေတောကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဘဒ္ဒန္တကုသလ သက်တော် (၅၁) နှစ်သည် အဆိုပါဘုန်းကြီးကျောင်း၌ တစ်ပါးတည်းသီတင်းသုံးနေစဉ် PDF အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဆရာတော်အား ဖမ်းဆီးခေါ်ဆောင်ကာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာ ဆရာတော်တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ ပျံလွန်တော်မူသွားခဲ့ကြောင်း သိရှိရပါသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၃ ပါးနှင့် သီလရှင်ဆရာကြီး ၁ ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်မှ သာသနာ့အနွယ်ဝင်သံဃာတော်အား သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၈-၂၀၂၂)**

- **မြို့သစ်မြို့နယ်ရှိ ဖက်ရေတောကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဘဒ္ဒန္တကုသလ သက်တော် (၅၁) နှစ်အား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဆရာတော်တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိကာ ပျံလွန်တော်မူခဲ့။**

# သဃင်္န်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမား ၂ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး



**အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေအိမ်နှင့် သိမ်းဆည်းရမိသည့် လက်ပစ်ဗုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမား ၂ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် နေအိမ်အတွင်း လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၃၁ ရက်တွင် သဃင်္န်းကျွန်းမြို့နယ် နေ ဦးသိန်းဦး(၅၉)နှစ်၏ နေအိမ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်းရှိ ထပ်ခိုးအခန်းအတွင်း ဦးသိန်းဦး၏ တူတော်စပ်သူများဖြစ်သည့် နေလင်း (၂၄)နှစ်နှင့် ပြည့်ဖြိုးဦး(ခ)အကြီးကောင်(၂၈)နှစ်တို့ ၂ ဦးသည် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းတစ်လုံးအား တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် နေလင်းတွင် ဝဲလက်ကောက်ဝတ်နှင့် ယာလက်ချောင်းများ ပြတ်ကာ၊ မျက်နှာ၊ ရင်ဘတ်နှင့် ဝဲယာခြေထောက်တို့၌လည်းကောင်း၊ ပြည့်ဖြိုးဦး(ခ)အကြီးကောင်တွင် ဝဲလက်၊ ယာ ခြေသလုံး၊ ဝဲ/ယာပေါင်တို့၌ မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိကာ သေဆုံးနေကြောင်းနှင့် အဆိုပါအခန်းအတွင်းမှ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံး ၁ လုံးအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် လက်လုပ်မိုင်းပြုလုပ်နည်း၊ မိုင်းထောင်နည်းများအား တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများတွင် အချိန်တိုကာလအတွင်း သင်ကြားခြင်း၊ ဆိုရှယ်မီဒီယာမှတဆင့် online အသုံးပြုသင်ကြားခဲ့ခြင်းတို့ကြောင့် ကျမ်းကျင်စွာတတ်မြောက်မှုမရှိသဖြင့် ယခုကဲ့သို့ မိုင်းထောင်စဉ်ပေါက်ကွဲမှုများ ဖြစ်ပွားကာ သေဆုံးမှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်အထိ သေဆုံးသူ ၄၈ ဦး၊ ဒဏ်ရာရရှိသူ ၃၇ ဦး ရှိကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သိမ်းဆည်းရမိသည့် လက်ပစ်ဗုံး ၁ လုံးအား စနစ်တကျ ဖောက်ခွဲရှင်းလင်းကာ သေဆုံးခဲ့သူ ၂ ဦး၏ရုပ်အလောင်းများအား သဃင်္န်းကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ပြီး လိုအပ်သောလုပ်ငန်းများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂-၈-၂၀၂၂)**

- **သဃင်္န်းကျွန်းမြို့နယ်၌ အကြမ်းဖက်သမား ၂ ဦးက အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် နေအိမ်အတွင်း လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ သေဆုံးခဲ့။**

## မြင်းမူမြို့နယ်၊ လက်ပံကျင်းကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် စုဝေးရောက်ရှိနေသော PDF အကြမ်းဖက်သမားများအား ဖမ်းဆီး

မြင်းမူမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန်အတွက် PDF အကြမ်းဖက်သမားများသည် လက်ပံကျင်းကျေးရွာ၌ စုဝေးရောက်ရှိကာ အစည်းအဝေးပြုလုပ်နေကြောင်းကို တာဝန်သိပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်သတင်းပေးပို့ခဲ့သဖြင့် အဆိုပါနေရာသို့ သွားရောက်စစ်ဆေးဆောင်ရွက်စဉ် ကျေးရွာအတွင်းမှ PDF အကြမ်းဖက်သမားများက စတင်ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားအလောင်း ၅ လောင်း၊ လက်လုပ်သေနတ် ၄ လက်၊ လက်လုပ်လက်ပစ်ဗုံး ၄ လုံး၊ ခဲယမ်းအချို့နှင့် လိုင်စင်မဲ့မော်တော်ယာဉ် ၂ စီးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် စစ်ဆေးခဲ့ရာ PDF အကြမ်းဖက်သမားများ အခြေပြုနေထိုင်ခဲ့သည့် စခန်း ၁ ခုအား တွေ့ရှိခဲ့ရပြီး ၎င်းစခန်းအတွင်းမှ လက်လုပ်သေနတ် ၁၃ လက်၊ လက်လုပ်စိန်ပြောင်း ၄ လက်၊ ကျည်မျိုးစုံ ၁၄၀၀ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၇ လုံး၊ ၄၀ မမဗုံးသီး ၂ လုံး၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဒရုန်းယာဉ် ၁ စီး၊ လမ်းလျှောက်စကားပြောစက် ၈ လုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် ၄ စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၀ စီး၊ လူနေတဲ ၉ လုံး၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

ထို့ပြင် ၎င်းကျေးရွာအတွင်းမှ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၇၃ ဦးတို့အား တွေ့ရှိထိန်းသိမ်းရမိခဲ့ပြီး လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်လျက် ကျေးရွာတွင် နေထိုင်လျက်ရှိကာ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်မှုမရှိသူများအား ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ PDF အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်ဆက်နွယ်မှုရှိသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၈-၂၀၂၂)**

- **တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ မြင်းမူမြို့နယ်၊ လက်ပံကျင်းကျေးရွာ၌ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် စုဝေးရောက်ရှိနေသော PDF အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးခဲ့ရာမှ လက်နက်ခဲယမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။**
- **ကျေးရွာအတွင်းမှ အမျိုးသား ၄၀ ဦး၊ အမျိုးသမီး ၇၃ ဦးတို့အား တွေ့ရှိထိန်းသိမ်းရမိခဲ့ပြီး လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်လျက် ကျေးရွာတွင် နေထိုင်လျက်ရှိကာ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်မှုမရှိသူများအား ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ပြီး အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်ဆက်နွယ်မှုရှိသူများအား ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၂ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၉ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၃ ဦးနှင့် ရှမ်းပြည်နယ်၌ ၁ ဦး စုစုပေါင်း ၄၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၂ ရက်ထိ စုစုပေါင်း ၇၃၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၈-၂၀၂၂)**

- **ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၂ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၉ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၃ ဦးနှင့် ရှမ်းပြည်နယ်၌ ၁ ဦး စုစုပေါင်း ၄၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဩဂုတ်လ ၂ ရက်ထိ စုစုပေါင်း ၇၃၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**